# ၁၉၅၃ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၂။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄-က နောက်တွင်၊ အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၄-ခ အဖြစ်ထည့်သွင်းရမည်။

" ၄-ခ။ ။(၁) အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄-က အရ၊ မည်သူကိုမဆိုဖမ်းဆီးချုပ်နှောင်ခဲ့သော်၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန်အမိန့်ထုတ်ခဲ့သော် အထူးစုံစမ်းစစ်ဆေးရေးဌာန လက်ထောက်ညွှန်ကြားရေးဝန် ရာထူးအောက် မနိမ့်သည့် မည်သည့်အရာရှိကမဆို၊ သို့တည်းမဟုတ် ဤကိစ္စ အ[illegible]နိုင်ငံတော် သမတ က၊ အာဏာအပ်နှင်းခြင်းခံရသည့် အခြားမည်သည့်အာဏာပိုင်ကမဆို၊သင့်သည်ဟုထင်မြင်လျှင်—

(က) ထိုဖမ်းဆီးချုပ်နှောင်ထားခြင်း၊သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန် အမိန့်ထုတ်ထားခြင်းခံရသူနှင့်၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင်မှီခိုနေသူများနှင့်၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့နှင့် သက်ဆိုင်သော၊ ဘဏ်တခုခု ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့်၊ မည်သည့်စာအုပ်၊စာမှတ်၊ စာတမ်းကိုမဆိုစစ်ဆေးကြည့်ရှုနိုင်သည်။

သို့သော် ပုဒ်မ ၄-ခ (၁) တွင် ဖေါ်ပြထားသည့် အရာရှိတဦးဦးက အမိန့်စာဖြင့် ထိုအမိန့်စာတွင် အမည်ဖေါ်ပြထားသည့် အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိရာထူးအောက် မနိမ့်သော အရာရှိတဦးဦးအား၊ စစ်ဆေးကြည့်ရှုစေနိုင်သည်၊ သို့တည်းမဟုတ်

(ခ) ဘဏ်၏စာရင်းစာအုပ်များမှ၊ လိုအပ်သောကောက်နုတ်ချက်များ၏ မိတ္တူမှန်ကိုပေးရန်သော်၎င်း၊ ထိုဖမ်းဆီးချုပ်နှောင်ခြင်း၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန် အမိန့်ထုတ်ထားခြင်းခံရသူ၏၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေသူများ၏၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ ငွေစာရင်း၊ ပစ္စည်းစာရင်းများနှင့်စပ်လျဉ်း၍ သိရှိသမျှအကြောင်းအရာများကိုပေးရန်သော်၎င်း၊ ဘဏ်၏မန်နေဂျာအား၊ သို့တည်းမဟုတ် ပေါ်ယ်စားလှယ်အား ညွှန်ကြားနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ထိုဖမ်းဆီးချုပ်နှောင်ထားခြင်း၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန် အမိန့်ထုတ်ထားခြင်း ခံရသူ၏အမည်နှင့် ထားရှိသော ငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေသူများ၏ အမည်နှင့် ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ အမည်များနှင့်ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ အမိန့်မရဘဲထုတ်ပေးခြင်း၊ အမည်လွှဲပြောင်းခြင်းမပြုရန် ဘဏ်၏မန်နေဂျာအား၊ သို့တည်းမဟုတ် ကိုယ်စားလှယ်အားတားမြစ်နိုင်သည်။

ရှင်းလင်းချက်။ ။ 'ဘဏ်' ဆိုသည့် စကားနှင့် 'မိတ္တူမှန်' (Certified Copy) ဆိုသည့်စကားရပ်သည်ဘဏ်နှင့်ဆိုင်သော စာအုပ်များ သက်သေခံချက်အက်ဥပဒေ (The Bankers' Books Evidence Act) တွင်အဓိပ္ပါယ်ရှင်းလင်းဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

(၂) ဘဏ်၏မန်နေဂျာသည်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်သည်၊ ဘဏ်ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့် စာရင်း၊ စာအုပ်၊ စာမှတ်၊ စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုရန်ဖြစ်စေ၊ ဤပုဒ်မအရ ထုတ်သောညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငြင်းဆိုလျှင်ဖြစ်စေ၊ ဤပုဒ်မအရ တားမြစ်ချက်ကို မနာခံလျှင်ဖြစ်စေ၊ ၃ နှစ်ထိထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံထိုက်စေရမည်။"

၄၊မ၊ဗ၊စ၊—အမှတ် ၁၀၄၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၅-၅၇—၂,၀၀၀—၂။